# မာတိကာ


| | |
|---|---|
| အမှာစာ | ၀၅ |
| (၁) တချို့အဆုံးသတ်ခြင်းဟာ လှပတဲ့ ဘဝအစတစ်ခုပဲ။ | ၀၇ |
| (၂) ထိုက်တန်တဲ့သူမှပဲ ကိုယ့်ကို ရမှာ။ | ၀၉ |
| (၃) ကိုယ်က အရမ်းတန်ဖိုးကြီးတယ်။ | ၁၁ |
| (၄) တစ်နေ့မှာ ပိုင်ဆိုင်နိုင်တယ်။ ဒါမှမဟုတ် ဆုံးရှုံးနိုင်တယ်။ | ၁၃ |
| (၅) ဝေးခဲ့ရလို့ ဝမ်းသာပါတယ်။ | ၁၆ |
| (၆) နေသားကျသွားမှာပါ။ | ၁၈ |
| (၇) ကံကောင်းတဲ့ အမျိုးသမီး | ၂၀ |
| (၈) ကိုယ့်ရွေးချယ်မှုကပဲ ကိုယ့်ကို ပြောင်းလဲစေလိမ့်မယ်။ | ၂၃ |
| (၉) ဝေးလက်စနဲ့ ဝေးလိုက်ကြတာ အကောင်းဆုံး။ | ၂၆ |
| (၁၀) မချစ်တော့တာ မဟုတ်ဘူး။ | ၂၉ |
| (၁၁) လူတစ်ယောက်ကို အမြန်ဆုံးမေ့ပစ်နည်း။ | ၃၃ |
| (၁၂) ဘဝထဲက ဒဏ်ရာသေးသေးလေး။ | ၃၅ |
| (၁၃) ဖြစ်သွားတဲ့ အခြေအနေကို လက်ခံပါ။ | ၃၇ |
| (၁၄) ဒဏ်ရာကို မွေးမြူတာမျိုး မလုပ်ပါနဲ့။ | ၄၀ |
| (၁၅) အပူမီးတွေနဲ့ ကိုယ့်ကိုယ်ကိုယ်လောင်မြိုက်ခွင့် မပေးပါနဲ့။ | ၄၃ |
| (၁၆) ပိုကောင်းတာတွေပဲ ဖြစ်လာမှာ။ | ၄၆ |
| (၁၇) sorry လို့ ငြင်းတတ်ပါစေ။ | ၄၉ |
| (၁၈) single life သာ အကောင်းဆုံး။ | ၅၁ |
| (၁၉) Bye လို့ နှုတ်ဆက်ခဲ့ဖို့ မမေ့နဲ့။ | ၅၃ |
| (၂၀) ပင်ပန်းရင် လမ်းအဆုံးအထိ အတူမသွားနဲ့။ | ၅၅ |
| (၂၁) ရပ်နေခဲ့လိုက်တာက ကယ်တင်ခြင်းပဲ။ | ၅၇ |
| (၂၂) နှစ်ခါ မရှုံးပါစေနဲ့။ | ၆၀ |
| (၂၃) ဘာဖြစ်လို့ သစ္စာဖောက်ခံရတာလဲ။ | ၆၂ |
| (၂၄) လက်ရှိကို လက်ခံနိုင်ဖို့ ကြိုးစားပါ။ | ၆၃ |
| (၂၅) အချိန်လေးတစ်ခုပဲ ပေးပါ။ | ၆၅ |
| (၂၆) ကိုယ့်ကိုယ်ကိုယ်ပဲ ကယ်တင်မှ ရမယ်။ | ၆၈ |
| (၂၇) အချစ်ဟာ အချိန်မရွေး ပြောင်းလဲနိုင်တယ်။ | ၇၀ |
| (၂၈) လွတ်မြောက်ခြင်း။ | ၇၂ |
| (၂၉) ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ထားပါ။ | ၇၄ |
| (၃၀) မျက်ရည်နဲ့ ဒေါသကို မျှောပါ။ | ၇၆ |
| (၃၁) ကိုယ့်ကိုယ်ကိုယ် အလိုလိုက်ပါ။ | ၇၈ |
| (၃၂) တစ်ယောက်တည်းပဲ အဆင်ပြေတယ်။ | ၈၀ |
| (၃၃) ပြတ်သားနိုင်ရင် အောင်မြင်တာပဲ။ | ၈၂ |
| (၃၄) နာကျင်ရတာ များရင် စွန့်လွှတ်နိုင်သွားတယ်။ | ၈၄ |
| (၃၅) ကိုယ့်တာဝန် ကိုယ်ယူမယ်။ | ၈၇ |
| (၃၆) မျက်နှာဖုံးအောက်မှာ ဒဏ်ရာတွေ ရှိတယ်။ | ၈၉ |
| (၃၇) မကောင်းဘူးလို့ ခံစားမိတာနဲ့ ကျောခိုင်းလိုက်ပါ။ | ၉၂ |
| (၃၈) အချစ်မခံရဘူးလို့ ထင်ရင် လမ်းခွဲလိုက်ပါ။ | ၉၅ |
| (၃၉) သစ္စာရှိဖို့သာ ပထမ | ၉၇ |
| (၄၀) အတိတ်ကို စိတ်ဝင်စားရင် တကယ်မချစ်လို့ | ၁၀၀ |


## -အမှာစာ-

အသည်းကွဲပြီးရင် အသစ်က ပြန်စဖို့ လမ်းပျောက်ကြတဲ့သူ များတယ်။ "ငါချစ်ရတဲ့သူက ငါ့ဘေးမှာ မရှိတော့ပါလား"ဆိုတဲ့ ပူလောင်မှုက လွဲပြီး ဘာမှ မတွေးနိုင်ဘဲ ဖြစ်နေတဲ့ ကာလ အချိန်အပိုင်းအခြားတစ်ခုကို မြန်မြန်ဆန်ဆန်ပဲ ကျော်ဖြတ်နိုင်စေချင်တာပါ။

ဒီစာအုပ်လေး ရေးဖို့အတွက် အစ်မဘဝရဲ့ အမှောင်မိုက်ဆုံးအချိန်တွေအထိ ပြန်သွားခဲ့ပြီး အဲဒီတုန်းက ကိုယ်ဘယ်လို ဖြတ်သန်းခဲ့တယ်ဆိုတာလေးတွေ ထည့်ပေးထားပါတယ်။

လမ်းခွဲလိုက်တာနဲ့ ကိုယ့်ကမ္ဘာဟာ မှောင်မိုက်သွားပြီလို့ ထင်ခဲ့တာ။ တကယ်တော့ ကိုယ့်မှာ အစကတည်းက ကိုယ်ပိုင် အလင်းရောင်ရှိတယ်။ အဲဒါကို မေ့နေခဲ့တာ။ ကိုယ်ချစ်ရတဲ့ လူကို အရောင်အဝါတွေ တောက်ပစေချင်တဲ့ စိတ်နဲ့ ကိုယ့်အလင်းကို ကိုယ်တိုင်လျှော့ပစ်ခဲ့ကြတာ။

လူတိုင်းမှာ ကိုယ်ပိုင်အလင်းရောင်တစ်ခုစီ ရှိကြတယ်။

တောက်ပပြဖို့ မေ့နေကြတာ။ သူစိမ်းလူတစ်ယောက်ဟာ ကိုယ့်ဘဝမဟုတ်ဘူး။ ကိုယ်သာလျှင် ကိုယ့်ဘဝပဲ။ ကိုယ့်စိတ်တိုင်းကျ ထုဆစ် ရှင်သန်ခွင့်ရှိတယ်။

အသည်းကွဲတာပဲ ဆန်းသလား။

မလိုလားအပ်တဲ့ အရာတွေ ကိုယ့်ဘေး မရှိလေ ဘဝက သန့်ရှင်းလာလေလေပဲ။ လမ်းခွဲခံရတဲ့အခါ ဝမ်းနည်းမနေဘဲ တစ်ယောက်တည်း တစ်ပွင့်တည်း လှလှပပ ငွားငွားစွင့်စွင့် ပွင့်လန်းပြလိုက်ပါ။

■

ချစ်သော

**သက်ထားခင်(THK)**